# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၁ ခုနှစ် ဩဂုတ် ၉ ရက်နေ့မှ ၁၅ ရက်နေ့အထိ

**၉၇၁+**
သတ်ဖြတ်ခံရ

**၇၂၀၆+**
ဖမ်းဆီးခံခဲ့ရ

**၅၆၀၄+**
ချုပ်နှောင်ခံထားရဆဲ

**၁၉၈၄+**
ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

ကြောက်ရွံ့မှုထက် အမှန်တရားကိုရွေးချယ်ခဲ့သည့် လူငယ် ၅ ဦးသည် အကြမ်းဖက်စစ်ကောင်စီ၏ လုံခြုံရေးတပ် ဝင်ရောက်စီးနင်းဖမ်းဆီးချိန်တွင် တိုက်ပေါ်မှ ခုန်ချသွားခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီသည် မိသားစုဝင်များ၏ ဆန္ဒမပါဝင်ဘဲ မီးသင်္ဂြိုဟ် ခဲ့ကြသည်။ သေဆုံးသူများ၏ အရိုးပြာကိုလည်း မိသားစုဝင်များ ကောက်ခွင့်မရခဲ့ပါ။ ဤကြေကွဲဝမ်းနည်းဖွယ် ကောင်းသော ဖြစ်ရပ်သည် ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို လိုလားသူများအား ဝမ်းနည်းကြေကွဲ စေခဲ့ပြီး အသက် စွန့်ခဲ့သောလူငယ်များအတွက် အနုပညာဖြင့် အမျိုးမျိုးပုံဖော်ကာ ဂုဏ်ပြုခဲ့ကြသည်။ ထိုအဖြစ်အပျက်သည် အာဏာသိမ်းစစ်ကောင်စီ၏ ဆိုးကျိုးကို သိသာမြင်သာစေပြီး လူငယ်များသည် ၎င်းတို့၏ လွတ်လပ်မှုအတွက် ဘာမဆို စွန့်စား ပေးဆပ် လိုကြောင်း လူငယ်မျိုးဆက်သစ်တို့အား အထင်ကြီးစေသည့် အမွေကို ပေးခဲ့သည်။ သူတို့ ငြိမ်းချမ်းစွာနဲ့ အနားယူနိုင်ပါစေ။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Christine Schraner Bur–gener မှ မြန်မာနိုင်ငံတွင် အထူးသဖြင့် လက်ရှိရင်ဆိုင်နေရသော ကိုဗစ်ကူး စက်ရောဂါဖြစ်ပွားမှု မြင့်တက်နေချိန် မြန်မာပြည်၏အခြေအနေသည် အလွန်ခက်ခဲ ဆိုးရွားသောကြောင့် စိုးရိမ်ကြောင်း ပြောကြားခဲ့သည်။ ၎င်း၏ စိုးရိမ်ပူပန်မှုသည် အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်၏ အိမ်စောင့်အစိုးရ ပြောင်းလဲဖွဲ့စည်းခြင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဖျက်သိမ်းခံရမည့်အရေးကြောင့်ဖြစ်သည်။ ထို့ပြင် ဘရူနိုင်းနိုင်ငံခြားရေးဒုဝန်ကြီး Erywan Yusof အားမြန်မာနိုင်ငံဆိုင်ရာအထူးသံတမန်အဖြစ်ခန့်အပ်ရန် အာဆီယံ၏ဆုံးဖြတ်ချက်သည်လည်း နောက်ထပ်စိုးရိမ်စရာတစ်ခုဖြစ်နေသည်။ အာဆီယံသည် အမျိုးသားညီညွတ်ရေး အစိုးရနှင့် အဓိပ္ပာယ်ရှိသော တွေ့ဆုံဆွေးနွေးမှုလုပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ထိုကဲ့သို့ မြန်မာအာဆီယံ အထူးကိုယ်စားလှယ် ခန့်အပ်ခြင်းကို ကန့်ကွက်ခဲ့ကြသည်။ ဘရူနိုင်းနိုင်ငံခြားရေးဒုဝန်ကြီး Erywan Yusof အပေါ်ယုံကြည်မှုမရှိခြင်းသည် အကြမ်းဖက်စစ်တပ်နှင့် စီးပွားရေးအရ ဆက်နွယ်သည့် သတင်းကြောင့်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာပြည်သူတို့၏ အကြမ်းဖက်စစ်အာဏာရှင်ကို ခုခံ တွန်းလှန်သည့် အရှိန်အဟုန်သည် ငြိမ်သက်သွားခြင်းမရှိပါ။ အသံများကို တိတ်ဆိတ်စေနိုင်သည်ဟု မှတ်ယူရသော အကျဉ်းထောင်၌ပင်လျှင် အာဏာရှင်ကို တွန်းလှန်သည့် အသံကိုကြားနေရသည်။ ၁၉၈၈ အရေးတော်ပုံ နှစ်ပတ်လည်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဒီမိုကရေစီရေးအတွက် အားဖြည့်တောင်းဆို ဆန္ဒပြခဲ့ကြသည်။ မန္တလေးမြို့ရှိ အိုးဘိုအကျဉ်းထောင်တွင် လူငယ်နှင့်ကျောင်းသားအများစုပါဝင်သော အကျဉ်းသားများ သည် ဒီမိုကရေစီရရှိရေး ကြွေးကြော်သံများဖြင့် ဆန္ဒပြခဲ့သောကြောင့် တိုက်ပိတ်ခံခဲ့ရသည်။ အကြမ်းဖက်စစ်ကောင်စီသည် အကျဉ်းသားများအား ရိုက်နှက်ခြင်းအားဖြင့် ပို၍ ရက်စက်ကြမ်းကြုတ်သောနည်းလမ်းဖြင့် ဖြိုခွဲခဲ့သည်။

တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများသည်လည်း ထိခိုက်လွယ်ဆုံးသောသူများကို ပို၍ ထိခိုက်စေသည်။ ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၏ အဆိုအရ နေရပ်စွန့်ခွာ စစ်ဘေးရှောင် အနည်းဆုံး ၇၀၀၀၀ ရှိပြီး နေရပ်သို့ပြန်ရန် ကြောက်ရွံ့နေကြသည်။ ကုလသမဂ္ဂ၏ အဆိုအရ စစ်အာဏာသိမ်းပြီးနောက် နေရပ်စွန့်ခွာရသူပေါင်း ၂၀၀,၀၀၀ ခန့်ရှိသည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ



## ချင်းပြည်နယ်

အကြမ်းဖက်စစ်ကောင်စီသည် ရိက္ခာထောက်ပံ့ရေးလမ်းကြောင်းအားလုံးကို ဖြတ်တောက်ထားသောကြောင့် ချင်းပြည်မှ စစ်ဘေးရှောင် အနည်းဆုံး ၅ဝ,ဝဝဝ ခန့်သည် စိတ်ဖိစီးမှုကို မြင့်မားစွာရင်ဆိုင်နေရသည်။ မြို့တွင်းသို့ ဝင်လာသူတိုင်းအား အကြမ်းဖက်စစ်ကောင်စီတပ်များသည် စစ်ဆေးမေးမြန်းကာ ဖုန်းများကို သိမ်းယူနေကြသည်။ စစ်ဘေးဒုက္ခသည်များအတွက် ရိက္ခာနှစ်ပတ်စာသာ လုံလောက်တော့သည်ဖြစ်သောကြောင့် မတည်ငြိမ်မှုများသည် အရပ်သားများအတွက် ပို၍ ဆိုးရွားသောအခြေအနေကို ဖြစ်စေသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ၏ အကူအညီကို အကြမ်းဖက်စစ်ကောင်စီမှ ပိတ်ဆို့ထားသောကြောင့် အကူအညီအထောက်အပံ့များ မရရှိခဲ့ပေ။ မင်းတပ်တွင် အကြမ်းဖက်စစ်ကောင်စီတပ်၏ ပရမ်းပတာပစ်ခတ်မှုကြောင့် အရေးပေါ်တုန့်ပြန်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပို၍ခက်ခဲစေသည်။

## ကယားပြည်နယ်

ကရင်နီပြည်နယ်မှ ပြည်သူများအား အကြမ်းဖက်စစ်ကောင်စီ၏ စစ်ရေးလှုပ်ရှားမှုများ ပိုမိုတိုးလာနိုင်ကြောင်း သတိပေးထားသည်။ တိုက်ပွဲများဖြစ်ပွားပြီး တောထဲသို့ ထွက်ပြေးရမည်ဆိုပါက အဆင်သင့်ဖြစ်ရန် စားနပ်ရိက္ခာနှင့် အခြားလိုအပ်သောအခြေခံအသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရန် ကရင်နီအမျိုးသား ကာကွယ်ရေးတပ် KNDF မှ သတိပေးခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ဒေသခံကာကွယ်ရေးတပ်ကြား တင်းမာမှုများ မြင့်တက်နေသည်။ လတ် တလောဖြစ်ပွားခဲ့သည့် အကြမ်းဖက်စစ်ကောင်စီတပ်နှင့် ကရင်နီတပ်မတော် (KA)၊ ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF ပူးပေါင်းတပ်ဖွဲ့များကြား တိုက်ပွဲတွင် အကြမ်းဖက်စစ်ကောင်စီတပ်မှ ဆယ်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု KNDF မှ ထုတ်ပြန်ထားသည်။ မိုးတွင်းကာလနှင့် ကိုဗစ်ကူးစက်ကပ်ရောဂါသည် အကျပ်အတည်းများစွာကို ရင်ဆိုင်နေရသော စစ်ပြေးဒုက္ခသည်များ၏ အခြေအနေကို ပို၍ခက်ခဲစေသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်နယ် နယ်မြေခံ ခြေလျှင်တပ်ရင်း ခလရ ၅၈ တပ်မှ စစ်သားများသည် လက်နက်ကြီးများဖြင့် နာရီဝက်ခန့် ပစ်ခတ်ခဲ့သည်။ အချို့သောလက်နက်ကြီး ကျည်များသည် ကိုဗစ်ကုသရေး စင်တာအနီးတွင် ကျရောက်ခဲ့သောကြောင့် လူနာများအား အထိတ်တလန့် ဖြစ်စေခဲ့သည်။ ရွာ အနီးပတ်ပတ်လည်တွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်သံများကြားရပြီး မည်သူမျှ ပြတင်းပေါက်ကိုဖွင့်ပြီး မကြည့်ရဲခဲ့ပေ။ ပစ်ခတ်မှုများကိုနောက်တစ်ရက်မနက်အထိ ညလုံးပေါက်က ပစ်ခတ်ခဲ့သည်။

ကိုဗစ်ကူးစက်ရောဂါဖြစ်ပွားမှု မြင့်တက်နေခြင်းသည် အရပ်သားတို့၏ လုံခြုံရေးကို ထပ်မံခြိမ်းခြောက်နေသည့် အန္တရာယ်တစ်ခုဖြစ်သည်။ကချင်ပြည်နယ် မြစ်ကြီးနားအနီးရှိ စစ်ဘေးရှောင်စခန်းတစ်ခုတွင် ကိုဗစ်ကူးစက်ရောဂါကြောင့်(၁) ဦးသေဆုံးခဲ့ပြီး အတည်ပြုလူနာ ၃၈ ဦးတွေ့ရှိခဲ့သည်။ ကိုဗစ်ကူးစက်မှုရှိမရှိ စမ်းသပ်ရန်အတွက်ကုန်ကျစရိတ်ကြီးသောကြောင့် စခန်းတာဝန်ခံများသည် လူအများအပြားအား ကိုဗစ်စစ်ဆေးရန် ပစ္စည်းများမဝယ်နိုင်ကြပါ။

*“ ပြီးခဲ့တဲ့ခြောက်လအတွင်း ကျွန်တော်တို့ ပြည်သူတွေရဲ့ ရုန်းကန်မှုနဲ့ ကြံ့ကြံ့ခံနိုင်မှုဟာ တနေ့မှာ နိုင်ကိုနိုင်ရမယ်ဆိုတဲ့ အကောင်းဆုံးသက်သေဘဲ”*

*မန္တလေးမှ ထင်ရှားသော အာဏာသိမ်းမှု တိုက်ဖျက်ရေး တက်ကြွလှုပ်ရှားသူ - ဒေါက်တာ တေဇာဆန်း*




*၁၉၈၈ ခုနှစ်လူထုအုံကြွမှု (၃၃) နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဩဂုတ်လ ၈ ရက်နေ့တွင် မန္တလေးမြို့၌ ချီတက်ဆန္ဒပြနေစဉ်။*
*Source: Myanmar Now*

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၉ ရက်နေ့

ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတ ဦးဝင်းမြင့်နှင့် နေပြည်တော်ကောင်စီ ဥက္ကဌ ဒေါက်တာမျိုးအောင်တို့၏ တရားရုံးကြားနာမှုကို ဩဂုတ် ၁၆ နှင့် ၁၇ ရက်သို့ ထပ်မံချိန်းဆိုခဲ့သည်။

## ဩဂုတ် ၁၀ ရက်နေ့

အမျိုးညီညွတ်ရေးအစိုးရ၏ အဆို အရ မြန်မာနိုင်ငံတွင် ဇူလိုင်လ အတွင်း တိုက်ပွဲပေါင်း ၃၅၀ ကြိမ် ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ် ၈၀၀ ကျော်သေဆုံးခဲ့သည်။

## ဩဂုတ် ၁၁ ရက်နေ့

မြန်မာပြည်သူအတွက် လူသားချင်း စာနာမှုအကူအညီ ဒေါ်လာ သန်း ၅၀ ပေးအပ်ကြောင်း အမေရိကန် ပြည်ထောင်စု ထုတ်ပြန်ကြေငြာခဲ့သည်။

## ဩဂုတ် ၁၂ ရက်နေ့

မကွေးတိုင်းဒေသကြီးရှိ ကိုဗစ် စစ်ဆေးရေးဂိတ်တွင် အမည်မသိ သေနတ်သမားမှ ရွာသားတစ်ဦးကို ပစ်သတ်ခဲ့သည်။

# နေ့စွဲအလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဩဂုတ် ၁၃ ရက်နေ့

အကြမ်းဖက်စစ်တပ်နှင့် ကလေး ပြည်သူ့ကာကွယ်ရေးတပ်ကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် ဆိုင်ကယ်စီးလာနေသော ပြည်သူတစ်ဦး သေဆုံးခဲ့သည်။

## ဩဂုတ် ၁၄ ရက်နေ့

မန္တလေးမြို့၊ မဟာအောင်မြေရပ်ကွက်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တစ်ဦးသည် အမည်မသိသေနတ်သမား နှစ်ဦး၏ ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။

## ဩဂုတ် ၁၅ ရက်နေ့

အကြမ်းဖက်ကောင်စီအောက် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကိုဗစ်ကူးစက်ရောဂါကြောင့် သေဆုံးမှု ၁၉၉ မှုရှိသည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/
https://twitter.com/NDBurma/
https://facebook.com/theNDBurma